# မြန်မာနိုင်ငံတော်အစိုးရ။
## တရားဌာန။ဥပဒေပြုဌာနခွဲ။
## ၁၉၄၇ ခုနှစ်၊ ဂျပန်ငွေစက္ကူ (တန်ဘိုးဖြတ်) အက်ဥပဒေ။
## [၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံတော်အက်ဥပဒေအမှတ် ၃၆။]
## ရန်ကုန်မြို့ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်။

အမှတ် ၂၆၀။ ။ အောက်ပါအက်ဥပဒေကို အများကြားသိစေရန် ထုတ်ပြန်ကြော်ငြာသည်။

အချို့ကိစ္စများအလို့ငှါ၊ ဂျပန်ငွေစက္ကူများ၏ တန်ဘိုးကို မြန်မာငွေစက္ကူနှင့် ဒင်္ဂါးများ၏ တန်ဘိုးဖြင့် သတ်မှတ်ရန်လိုအပ်သည်တကြောင်း။

၎င်းပြင် ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှု အက်ဥပဒေဖြင့်သော်၎င်း၊ ထိုအက်ဥပဒေအရ သော်၎င်း၊ ဥပဒေပြုအဖွဲ့၊ သို့မဟုတ် ဥပဒေပြုအဖွဲ့ဆိုင်ရာ လွှတ်တော်တရပ်ရပ်အား အပ်နှင်းထားသည့် အခွင့်အာဏာအားလုံးကို မြန်မာနိုင်ငံတော် ဘုရင်ခံမင်းကြီးက ၁၉၄၂ ခုနှစ်၊ ဒီဇဘ်ာလ ၁၀ ရက်နေ့စွဲပါ ကျေညာချက်ဖြင့်၊ မိမိကိုယ်တိုင်သိမ်းပိုက်တော်မူပြီးဖြစ်သည်လည်းတကြောင်း။

ထိုအကြောင်းများကြောင့် ဆိုခဲ့သည့်အခွင့်အာဏာများကို ဆောင်ရွက်တော်မူလျက်၊ အောက်ပါအတိုင်း တရားဥပဒေပြဋ္ဌာန်းတော်မူလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို **၁၉၄၇ ခုနှစ်၊ ဂျပန်ငွေစက္ကူ (တန်ဘိုးဖြတ်) အက်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ။ ဤအက်ဥပဒေတွင် ရှေ့နောက်စကားအစီအစဉ်အရ အခြားနည်းမှတ်ယူရမည်။ မဟုတ်လျှင်-

(က) "ဂျပန်ငွေစက္ကူများ" ဆိုသည်မှာ၊ ဂျပန်တို့သိမ်းပိုက်ထားသည့် ကာလအတွင်း၊ မြန်မာနိုင်ငံတော် ဂျပန်စစ်အုပ်ချုပ်ရေးဆိုင်ရာ အမိန့်အာဏာဖြင့်သော်၎င်း၊ ထိုအမိန့်အာဏာအရသော်၎င်း၊ ထုတ်သည့်ငွေ စက္ကူများကို ဆိုလိုသည်။

(ခ) "တရားဝင်ငွေစက္ကူများ" ဆိုသည်မှာ၊ ၁၉၄၆ ခုနှစ်၊ ငွေစက္ကူနှင့်ဒင်္ဂါးအက်ဥပဒေတွင်၊ အဓိပ္ပါယ် ဖေါ်ပြထားသည့်မြန်မာနိုင်ငံတော်ငွေစက္ကူများကို ဆိုလိုသည့်ပြင်၊ ဆိုခဲ့သည့်အက်ဥပဒေပါ ပြဋ္ဌာန်းချက် များအရ ထုတ်သည့်ငွေစက္ကူများလည်း ပါဝင်သည်။

(ဂ) "ဒင်္ဂါး" ဆိုသည်မှာ၊ မြန်မာနိုင်ငံတော်တွင် အခါကာလအလျောက်၊ သုံးစွဲသော တရားဝင်ဒင်္ဂါးကို ဆိုလိုသည်။ ၎င်းပြင်အိန္ဒိယနိုင်ငံတော် အစိုးရမင်းတို့ထုတ်သည့် ဒင်္ဂါးများနှင့် တကျပ်တန်ငွေစက္ကူများ လည်းပါဝင်သည်။

၃။ ။ (၁) အခါကာလ အားလျော်စွာ အတည်ဖြစ်သည့် အခြားတရားဥပဒေတစုံတရာတွင် မည်သို့ပင်ပါရှိ စေကာမူ၊ ဂျပန်တို့သိမ်းပိုက်ထားသည့် ကာလအတွင်း၊ ကြွေးမြီတစုံတရာသော်၎င်း၊ ပဋိညာဉ်စာချုပ်အရ တာဝန်တစုံတရာသော်၎င်း၊ တင်ရှိရာ ၎င်းကြွေးမြီ၊ သို့မဟုတ် တာဝန်ကို ဂျပန်ငွေစက္ကူများဖြင့် ပြေလည် အောင် ပေးဆပ်ကင်းလွတ်စေမည်ဆိုက ပေးဆပ်ကင်းလွတ်စေနိုင်လျက်၊ ထိုကြွေးမြီ၊ သို့မဟုတ် ပဋိညာဉ်စာချုပ်အရ

တာဝန်အားလုံးကို ဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ၊ ၎င်းကြွေးမြီတင်ရှိရာအရပ်၊ သို့မဟုတ် ၎င်းတာဝန်တင်စေသော ပဋိညာဉ်စာချုပ်ပြုလုပ်ချုပ်ဆိုရာအရပ်ကို ဗြိတိသျှစစ်ဘက်ဆိုင်ရာ ကပြန်လည်သိမ်းပိုက်လိုက်သည့် အချိန်တွင်ပြေလည်အောင်ပေးဆပ်ခြင်း၊ သို့မဟုတ် ကင်းလွတ်အောင် ပြုလုပ်ခြင်းမရှိသေးလျှင်၊ အထက်ကဆိုခဲ့သည့်အတိုင်းပြေလည်အောင်မပေးဆပ်၊ သို့မဟုတ် ကင်းလွတ် အောင်မပြုလုပ်ရသေးသော ဆိုခဲ့သည့်ကြွေးမြီ၊ သို့မဟုတ် တာဝန်ကိုဖြစ်စေ၊ ၎င်းကြွေးမြီတာဝန်အချို့အဝက်ကိုဖြစ်စေ၊ တရားဝင်ငွေစက္ကူများ၊ သို့မဟုတ် ဒင်္ဂါးများဖြင့် ပြေလည်အောင်ပေးဆပ်ကင်းလွတ်စေ ရမည်။ ထိုသို့ပေးဆပ် ကင်းလွတ်စေရာတွင်၊ အောက်ပါစာရင်းဇယားကွက် ၃ တွင်ဖေါ်ပြထားသည့် ဂျပန်ငွေစက္ကူတန်ဘိုးကို ၎င်းစာရင်းဇယားကွက် ၁ တွင်ယှဉ်လျက်ဖေါ်ပြထားသော နှစ်အပိုင်းအခြား များအတွင်း တင်ရှိသည့်ကြွေးမြီများ၊ သို့မဟုတ် ပဋိညာဉ်စာချုပ်အရ တာဝန်များနှင့်စပ်လျဉ်း၍၊ ဇယား ကွက် ၂ တွင်ယှဉ်လျက်ဖေါ်ပြထားသည့် တရားဝင်ငွေစက္ကူများ၊ သို့မဟုတ် ဒင်္ဂါးများ၏တန်ဘိုးအတိုင်း တွက်ချက်ရမည်။

**စာရင်း။**

| နှစ်အပိုင်းအခြား။ | တရားဝင်ငွေစက္ကူများ၊ သို့မဟုတ် ဒင်္ဂါးများ။ | ဂျပန်ငွေစက္ကူများ။ |
|---|---|---|
| (၁) | (၂) | (၃) |
| ပြက္ခဒိန်နှစ်၊ ၁၉၄၂ ... ... | ၁၀၀ | ၁၀၀ |
| ။ ၁၉၄၃ ... ... | ၇၅ | ၁၀၀ |
| ။ ၁၉၄၄ ... ... | ၄၀ | ၁၀၀ |
| ။ ၁၉၄၅ ... ... | ၅ | ၁၀၀ |

(၂) အပိုဒ် (၁) တွင် ရည်ညွှန်းသည့်ကြွေးမြီ၊ သို့မဟုတ် ပဋိညာဉ်စာချုပ်အရ တာဝန်အမျိုးအစားတစုံ တရာအတွက် ပေးရန်ထိုက်သင့်သော ကြွေးငွေနှင့်စပ်လျဉ်း၍ ဒီကရီချမှတ်ပြီးဖြစ်သည့်၊ သို့မဟုတ် ချမှတ်သည့်အချက်တွင်၊ အဆိုပါဒီကရီအရပေးရန်ထိုက်သင့်ကြောင်းအမိန့်ချမှတ်သည့် ငွေပေါင်းကို အပိုဒ်(၁) ဆိုင်ရာစာရင်းတွင်ဖေါ်ပြရာပါ ဂျပန်ငွေစက္ကူတန်ဘိုးဖြတ်ထားသောနှုန်းအတိုင်း၊ တရားဝင်ငွေ စက္ကူများ၊ သို့မဟုတ် ဒင်္ဂါးများဖြင့် ပေးဆပ်ရမည်။

၄။ ။ အခါကာလအားလျော်စွာ အတည်ဖြစ်သည့် အခြားတရားဥပဒေတစုံတရာတွင် မည်သို့ပင်ပါရှိစေ ကာမူ၊ မြန်မာနိုင်ငံတော်ကို ဂျပန်တို့မသိမ်းပိုက်မီဖြစ်စေ၊ သိမ်းပိုက်ထားသည့်ကာလအတွင်းဖြစ်စေ၊ တင်ရှိသည့်ကြွေးမြီ၊ သို့မဟုတ် ပဋိညာဉ်စာချုပ်အရ တာဝန်တစုံတရာကို ပေးဆပ်ခြင်းပြုရာအရပ်ကို ဂျပန်တို့သိမ်းပိုက်ထားသည့် ကာလအတွင်း၊ ဂျပန်ငွေစက္ကူများဖြင့်၊ လုံးဝပြေလည်အောင်သော်၎င်း၊ အချို့အဝက်သော်၎င်း၊ ပေးဆပ်ပြီးဖြစ်သည့်ပြင်၊ သို့ပေးဆပ်ခြင်းကိုလည်းလက်ခံပြီးဖြစ်လျှင်၊ ထိုသို့ပေး ဆပ်ခြင်းမှာ၊ ပေးဆပ်ခြင်းပြုသည့် အချိန်အခါတွင်

ဂျပန်ငွေစက္ကူများသည် တရားဝင်ငွေစက္ကူများဖြစ် ဘိသကဲ့သို့ ၎င်းငွေစက္ကူများပေါ်တွင် သတ်မှတ်ရာပါ အလားတူတန်ဘိုးများရှိသော တရားဝင်ငွေစက္ကူ များဖြင့် ပေးဆပ်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

ဤအက်ဥပဒေကို အရှင်ဧကရာဇ်ဘုရင်မင်းမြတ်ကိုယ်စား ကျွန်ုပ်သဘောတူညီသည်။

အိပ်(ချ်)၊ အီး၊ ရန့်(စ်)။

မြန်မာနိုင်ငံတော်ဘုရင်ခံမင်းကြီး။

ရန်ကုန်မြို့၊ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်။